**''ပို့ဆောင်ရေး၊ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏**
**ဆင်ဖြူရှင်တံတား ဖြတ်သန်းခများ ပိုမိုကောက်ခံမှုနှင့် ပတ်သက်၍**
**ကွင်းဆင်းစစ်ဆေးခဲ့သည့် အစီရင်ခံစာ''**

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပုလဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ''ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အဖွဲ့ဝင်အနေဖြင့် အစီရင်ခံစာ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ဆင်ဖြူရှင်တံတား ဖြတ်သန်းခများ ပိုမိုကောက်ခံနေမှုနှင့် ပတ်သက်၍ ဒသမပုံမှန်အစည်းအဝေးတွင် တင်သွင်းသော ကော်မတီ၏ အစီရင်ခံစာအတိုင်း ဆောင်ရွက်ထားခြင်းရှိ/မရှိကို ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် ဆင်ဖြူရှင်တံတား ဖြတ်သန်းခများ ပိုမိုကောက်ခံနေမှုနှင့်ပတ်သက်၍ ဒသမပုံမှန်အစည်းအဝေးတွင် ကော်မတီမှ အစီရင်ခံစာ တင်သွင်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈-၁၂-၂၀၁၇) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီ အဖွဲ့ဝင်(၇)ဦး၊ ဒေသခံလွှတ်တော်ကိုယ်စားလှယ်(၁)ဦးတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ ပါတယ်။

ဆင်ဖြူရှင်တံတားရှိ မီးရထားရိပ်သာတွင် ပခုက္ကူမီးရထား တိုင်း(၁၀)မှ တာဝန်ရှိသူများ၊ ဆင်ဖြူရှင်တံတား ဖြတ်သန်းခကောက်ခံခွင့်ရရှိသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပါတယ်။ ယခင်တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်သည် စာချုပ်ပါ စည်းကမ်းများကို ဖောက်ဖျက်ပြီး တံတားဖြတ်သန်းခများ ပိုမိုကောက်ခံသောကြောင့် စာချုပ်ပါ စည်းကမ်းများအတိုင်း အရေးယူပေးပါရန် ကော်မတီ၏အစီရင်ခံစာ တင်သွင်းထားသည့်အတိုင်း လုပ်ငန်းလက်ကျန်ကာလ (၂)လကို ဖျက်သိမ်းပြီး စပေါ် ကြိုတင် သွင်းထားသည့် ငွေသိန်း(၃၀၀)ကျပ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးကြောင်းနှင့် လမ်းတံတားဥပဒေအရ ဆက်လက် အရေးယူရန် စစ်ဆေးနေကြောင်း မီးရထားတိုင်း(၁၀)မှ တာဝန်ရှိသူက တင်ပြ ခဲ့ပါတယ်။ လက်ရှိ တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်မှလည်း (၃)နှစ်စာချုပ်ဖြင့် တစ်နှစ်လျှင် ကျပ်သိန်း (၁,၈၁၅)သိန်းဖြင့် တင်ဒါအောင်မြင်ကြောင်းနှင့် (၁-၁၂-၂၀၁၈)ရက်နေ့မှ စတင်ပြီး တံတားဖြတ်သန်းခများကို စာချုပ်ပါ စည်းကမ်း အတိုင်း ကောက်ခံနေပါကြောင်း တင်ပြခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှလည်း တင်ဒါ အောင်မြင်သည့် လုပ်ငန်းရှင်က တံတားဖြတ်သန်းခများကို စာချုပ်ပါ စည်းကမ်းအတိုင်း

မှန်မှန်ကန်ကန်ကောက်ခံရန် ညွှန်ကြားခဲ့ပါတယ်။ ထို့နောက် တံတားကြေးကောက်ခံနေသည့် နေရာများသို့ သွားရောက်ပြီး ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

ကော်မတီ၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်–

(၁) တင်ဒါစာချုပ်စည်းကမ်းများထဲတွင် ဆိုင်ကယ်၊ တောင်သူသုံး ထွန်စက်၊ ကျွဲ၊ နွားနှင့် မြင်းများကို တံတားဖြတ်သန်းခကောက်ခံမှု ပေးမထားခြင်း၊

(၂) ချောင်းဦးမြို့အဝင် တံတားချဉ်းကပ်လမ်းအစပ်နှင့် BOT စနစ်ဖြင့် တင်ဒါအောင် လမ်းလုပ်ငန်းရှင်တို့အကြား လမ်းမှာ ပေ(၃၀၀)ခန့် ဆိုးဝါးစွာ ပျက်စီးနေခြင်း၊

(၃) ချောင်းဦးမြို့အဝင်တံတားဂိတ်မှာ (CCTV) ကင်မရာများ စနစ်တကျ တပ်ဆင်ထား သော်လည်း မကွေးတိုင်းဘက်ခြမ်း တံတားဂိတ်၌ လျှပ်စစ်မီးကြိုးသွယ်တန်းရန် ဝေးကွာသောကြောင့် (CCTV) ကင်မရာများ စနစ်တကျ တပ်ဆင်မထားနိုင်ခြင်း၊

(၄) တံတားဖြတ်သန်းခ နှုန်းထားများကို ရာဖြတ်နှုန်းထားများဖြင့်သာ သတ်မှတ် ကောက်ခံ ထားခြင်း၊

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးပြီး မကြာမီ (၂၆–၁၂–၂၀၁၇)ရက်နေ့မှာ ချောင်းဦးမြို့ ဒေသခံတစ်ဦးမှ တံတားဖြတ်သန်းခအတွက် နွားများကို တစ်ကောင်လျှင် (၁၅၀၀)နှုန်းဖြင့် ကောက်ခံနေကြောင်း ဓာတ်ပုံမှတ်တမ်းနှင့်တကွ ကော်မတီထံ ပေးပို့တိုင်ကြားလာပါတယ်။

သို့ပါ၍ အထက်ပါစိစစ်တွေ့ရှိချက်များအရ အောက်ပါအတိုင်း ဆောင်ရွက်ပေးပါရန်နှင့် လွှတ်တော်၌ မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါတယ်။

(၁) ချောင်းဦးမြို့အဝင် မီးရထားဌာနပိုင် တံတားချဉ်းကပ်လမ်း အစပ် နှင့် BOT စနစ်ဖြင့် လမ်းဖြတ်သန်းအသုံးပြုခ တင်ဒါအောင်မြင်သော လုပ်ငန်းရှင်တို့အကြား ပေ(၃၀၀)ခန့် ပျက်စီးနေသည့် လမ်းပိုင်းအား ပြုပြင်ရန်၊ တံတားဖြတ်သန်းခ ကောက်ခံသည့် လုပ်ငန်းရှင်က တာဝန်ရှိသလား (သို့မဟုတ်) BOT စနစ်ဖြင့် တင်ဒါအောင်သည့် လမ်းလုပ်ငန်းရှင်မှာ တာဝန်ရှိသလား ဆိုသည်ကို အမြန်ဆုံး စိစစ်ပေးရန်နှင့် မည်သူမျှ တာဝန်မရှိပါကလည်း တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေထဲမှ ပျက်စီးနေသည့် လမ်းအား အမြန်ဆုံး ပြုပြင်ပေးရန်၊

(၂) မကွေးတိုင်းဘက်ခြမ်း တံတားဂိတ်၌ တပ်ဆင်ထားသည့် (CCTV) ကင်မရာများမှာ လျှပ်စစ်မီးကြိုးနှင့်ချိတ်ဆက်အသုံးပြုရန် ဝေးကွာနေ သောကြောင့် လျှပ်စစ်မီးကြိုး သွယ်တန်းပေးရန်၊

(၃) တင်ဒါစည်းမျဉ်းတွင် တံတားဖြတ်သန်းခ ကောက်ခံခွင့်မရှိသော နွားများကို ဖြတ်သန်းခ ကောက်ခံသည့် လုပ်ငန်းရှင်အား တိုင်းဒေသကြီးအစိုးရမှ သတိပေး အကြောင်းကြားစာ အမြန်ဆုံးထုတ်ပြန်ပေးရန် တို့ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဟာ ပထမအကြိမ်မှာလည်း ဆင်ဖြူရှင်တံတားဖြတ်သန်းခများ စာချုပ်ပါစည်းကမ်းအတိုင်း ကျော်လွန်ပြီးတော့ ကောက်ခံတဲ့အတွက် သွားရောက်စစ်ဆေးပြီး လွှတ်တော်မှာ အစီရင်ခံစာတင်သွင်းခဲ့လို့ တိုင်းဒေသကြီးအစိုးရကလည်း အဆိုပါလုပ်ငန်းရှင်ကို အရေးယူ ခဲ့ပြီးပါပြီ။ အခု ဒုတိယအကြိမ် တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်အသစ်မှာလည်း ဒီအကြောင်းအရာတွေကို သိပါလျက်နဲ့ စာချုပ်ပါစည်းကမ်းကို အလေးထားမှုမရှိပဲ ဖြတ်သန်းခကောက်ခံခွင့်မရှိတဲ့ နွားတွေကို တစ်ကောင်လျှင် ၁၅၀၀ နှုန်း ကောက်ခံနေတဲ့ ဟာက ခတ်ပုံမှတ်တမ်းနှင့်တကွ ကျွန်တော်တို့ ကော်မတီကို ရောက်ရှိလာပါတယ်။ ဒ့ါကြောင့် ဒီလိုပြုလုပ်တာဟာ စာချုပ်ပါစည်းကမ်းကို အလေးထားမှုမရှိသလို အစိုးရကိုလည်း မထီမဲ့မြင်ပြုရာကျပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ဒီလိုစည်းကမ်း ဖောက်ဖျက်တဲ့ ကုမ္ပဏီဟာ တိုင်းဒေသကြီးအစိုးရမှ သတိပေးအကြောင်းကြားစာ အမြန်ဆုံး ထုတ်ပြန် ပေးရန် ဆိုသည့်အချက်ကို လွှတ်တော်မှ အလေးထားပြီး စောင့်ကြည့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဦးဇော်ထက်**
**အဖွဲ့ဝင်**
**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်**
**ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**